ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့(၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ၂၅-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဦးလှမြင့်သန်း(ခ)ဦးလှမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့နှင့် ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်အား လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်း ခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တောင်ကြီး - ဇလဲ - ဆတ်သေ - ပင်ဖြစ် - ရပ်စောက်လမ်းပိုင်းမှ ဇလဲ - ဆတ်သေ လမ်းပိုင်း(၁၀.၅)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် ၎င်းလမ်းပိုင်းရှိတံတားများအား လာမည့်ဘဏ္ဍာရေးနှစ် တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေက တောင်ကြီး- ဇလဲ - ဆတ်သေ - ပင်ဖြစ် - ရပ်စောက်လမ်းပိုင်းမှ ဇလဲ - ဆတ်သေ လမ်းပိုင်း(၁၀.၅)မိုင်ကို ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် ၎င်းလမ်းပိုင်းရှိ တံတားများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ တောင်ကြီးမြို့နှင့် ရပ်စောက်မြို့ကို ဆက်သွယ်ထားတဲ့ အဖြောင့်ဆုံးလမ်းနှင့် အတိုဆုံးလမ်းဖြစ်သည့် တောင်ကြီး - ဇလဲ - ဆတ်သေ - ပင်ဖြစ် - ရပ်စောက်လမ်းပိုင်းမှ ဇလဲ - ဆတ်သေ လမ်းပိုင်းကို ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးမည်ဆိုပါက တောင်ကြီး- ရွှေညောင်- ပင်ဖြစ်- ရပ်စောက်

လမ်းဟောင်းထက် လမ်းမိုင်အတော်များများ တိုတောင်းသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဒေသဟာ စိုက်ပျိုးမြေဧက များပြားပြီး လူဦးရေ ထူထပ်ကာ ကျေးရွာလည်း များပြားသည့်အပြင် ထွက်ကုန် သီးနှံများလည်း အများအပြားထွက်ရှိတဲ့ ဒေသဖြစ်တဲ့အတွက် အဆိုပါလမ်းကို တည်ဆောက် ပေးမည် ဆိုပါက ဒေသခံပြည်သူများအတွက် သွားရေးလာရေးအဆင်ပြေစေသည့်အပြင် ရှမ်းပြည်နယ် ၏ တစ်ဦးချင်းဝင်ငွေ GDP ကိုလည်း တိုးတက်စေမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ မြောက်ခြမ်းနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ ပြည်သူများကိုလည်း များစွာ အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်ကြီးမြို့နှင့် ရပ်စောက်မြို့ကို ဆက်သွယ်ထားတဲ့ အတိုဆုံးလမ်းဖြစ်တဲ့ တောင်ကြီး - ဇလဲ - ဆတ်သေ - ပင်ဖြစ် - ရပ်စောက် မြို့နယ်ချင်းဆက်လမ်းပိုင်းမှ ဇလဲ - ဆတ်သေ လမ်းပိုင်း (၁၀.၅)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန်နှင့် ၎င်းလမ်းပိုင်းရှိ (၂၅)ပေ တံတား (၅)စင်း၊ (၂၀)ပေ တံတား(၄)စင်း ၊ (၁၀)ပေ တံတား (၁)စင်း ၊ (၆)ပေ တံတား (၂)စင်း၊ (၃၀)ပေ ရေကျော်ချောင်း တံတား(၁)စင်းတို့အား တစ်လက်စတည်း လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ် ပေးနိုင်ပါရန်နှင့် စီစဥ်ဆောင်ရွက်ပေးမည့် အစီအစဥ်နှင့် ပတ်သက်၍ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တောင်ကြီးမြို့နှင့် ရပ်စောက်မြို့ကို ဆက်သွယ်ထားတဲ့ အတိုဆုံးလမ်း ဖြစ်တဲ့ တောင်ကြီး - ဇလဲ - ဆတ်သေ - ပင်ဖြစ် - ရပ်စောက် မြို့နယ်ချင်းဆက် လမ်းပိုင်းမှ ဇလဲ - ဆတ်သေ လမ်းပိုင်း(၁၀.၅)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန်နှင့် ၎င်းလမ်းပိုင်းမှာရှိတဲ့ (၂၅)ပေတံတား (၅)စင်း၊ (၂၀)ပေ တံတား(၄)စင်း၊ (၁၀)ပေ တံတား (၁)စင်း ၊ (၆)ပေ တံတား (၂)စင်း နှင့် (၃၀)ပေ ရေကျော် တံတား(၁)စင်းတို့အား တစ်လက်စတည်း လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား နယ်စပ်ရေးရာ ဝန်ကြီးဌာနက ရှင်းလင်းဖြေဆိုပေးမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ တောင်ကြီး - ဇလဲ - ဆတ်သေ လမ်း (၂၁)မိုင် ကို နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေပြီးတော့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း (၃)မိုင် ငွေကျပ် (၉)သန်း၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း (၂)မိုင် ငွေကျပ်(၉)သန်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း (၆)မိုင် ငွေကျပ်(၁၈)သန်းဖြင့်လည်းကောင်း၊ ၂၀၁၃-

၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ (၅)ပေ တံတား (၅)စင်း၊ (၆)ပေတံတား (၆)စင်း၊ (၂၄)ပေတံတား (၁)စင်းနှင့် (၁၂)ပေ တံတား (၁)စင်း၊ (၁၆)ပေတံတား (၁)စင်း၊ (၃၈)ပေတံတား(၁)စင်း စုစုပေါင်း တံတား (၁၅)စင်းကို ငွေကျပ်(၁၅၁)သန်းဖြင့်လည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ ဇလဲ - ဆတ်သေ လမ်းပိုင်း (၁၀/၅)မိုင် ကတ္တရာခင်းခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတားများ တည်ဆောက်ရေးလုပ်ငန်းတို့အား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှ ကတ္တရာခင်းခြင်း (၅)မိုင် နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ကျန်လုပ်ငန်းများကို ဆက်လက် ထည့်သွင်းလျာထားရန် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် မြစ်ရိုးတစ်လျှောက် နေထိုင်ကြသော ဒေသခံပြည်သူများ ကမ်းပါးပြိုခြင်းအန္တရာယ်မှကာကွယ်ရန်အတွက် ရေကာတာတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က စလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် မြစ်ရိုးတစ်လျှောက် နေထိုင်ကြသော ဒေသခံပြည်သူများ ကမ်းပါးပြိုခြင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် ရေကာတာတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ စလင်းမြို့နယ်အတွင်း ဧရာဝတီ မြစ်ကမ်းပါး ပြိုကျမှုကြောင့် ဒေသခံများတွင် နှစ်စဉ် မြစ်ကမ်းပါးနှင့် ကင်းလွတ်ရာသို့ ပြောင်းရွှေ့ ရသည့်ဒုက္ခ၊ စိုက်ပျိုးမြေများ ဆုံးရှုံးရသဖြင့် လူမှုဘဝ ဆုံးရှုံးရသည့် ဒုက္ခများ ခံစားနေရ၍ ဧရာဝတီမြစ်ကမ်းပါး ပြိုကျခြင်း အန္တရာယ်ကို ကာကွယ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေကာတာ တည်ဆောက်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ဖြစ်ပါတယ်။ အခြေခံအကြောင်း အနေ

နဲ့ဆိုလို့ရှိရင် စလင်းမြို့နယ်ကို စလင်းမြို့၊ ဆင်ဖြူကျွန်း မြို့ဟူ၍မြို့(၂)မြို့၊ ရပ်ကွက်ကျေးရွာအုပ်စု(၁၀၉)၊ ကျေးရွာပေါင်း (၄၁၅)ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ (၂၄၇၃၇၇)ဦး နေထိုင်လျက် ရှိပါတယ်။ ကျေးရွာ (၄၁၅)ရွာအနက် ကျေးရွာ (၂၆)ရွာတို့မှာ နှစ်စဉ် ဧရာဝတီမြစ်ရေ တိုက်စားခြင်းကို ခံရပါတယ်။ ၂၀၁၄-၂၀၁၆ ဇူလိုင်လအထိ ကျေးရွာ (၂၆)ရွာထဲမှ အိမ်ခြေ (၁၂၀၀)၊ အိမ်ထောင်စု (၁၂၁၂)၊ လူဦးရေ(၅၁၈၃) ယောက်တို့ကို နီးစပ်ရာ ဆွေမျိုးသားချင်းနှင့် အိမ်ဝင်းများသို့လည်းကောင်း၊ စိုက်ပျိုး မရသော မြေများသို့ ကာလတန်ဖိုး ပေးချေ၍လည်းကောင်း ရွှေ့ပြောင်းနေရာ ချထားပေးခဲ့ရပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်ပါ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သနပ်ကုန်း၊ ဆင်မကျွန်း၊ ဘိုကုန်းနှင့် ကျူတောကျေးရွာတွေမှာ သဲအိတ်ခံကျောက်စီခြင်း၊ ကျောက်ချောရေကာ ပြုလုပ်ခြင်း၊ မျှောတိုင် သဲအိတ်ခံ ကျောက်စီရေကာပြုလုပ်ခြင်း၊ သောင်တူးပေးခြင်း၊ ကျောက်ဖြည့် မျှောကရစ်ကွက်ရိုက်ခြင်း၊ ကမ်းရင်းကျောက်ကြီးဖြည့် ခြင်းများကို လုပ်ဆောင်ပေးခဲ့ပါတယ်။ ရေကာတာ ရိုက်သော နေရာများမှာ ကမ်းပါးပြိုမှုကို လျော့နည်းပြီး လုပ်ကိုင်နိုင်သော်လည်း ရေကာတာရဲ့ အောက်ပိုင်း မြစ်ရေ တိုက်စားမှုများကြောင့် သဲနုန်းများပြိုကျ၍ ကမ်းပါးပြိုကျခြင်းကြောင့် ဒုက္ခများ ဆက်လက်ခံစား နေရဆဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ဧရာဝတီမြစ်ကမ်း တစ်လျှောက် နေထိုင်သော စလင်းမြို့နယ်သူ/ မြို့နယ်သားများ၏ နှစ်စဉ် ဧရာဝတီမြစ်ကမ်းပြိုခြင်း အန္တရာယ်မှ ကာကွယ်ရန် ရေကာတာ တည်ဆောက်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေ ချထားပေးနိုင်ခြင်း ရှိ/ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်ကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်ပိုင် အသုံးမပြုတော့သော အဆောက်အအုံများကို ပုဂ္ဂလိက ရေကြောင်းသင်တန်းကျောင်း များသို့ဥပဒေနှင့်အညီ သင့်တင့်သောဈေးနှုန်းဖြင့် နှစ်ရှည် ငှားရမ်းဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က နိုင်ငံတော်ပိုင် အသုံးမပြုတော့သော အဆောက်အအုံများကို ပုဂ္ဂလိက ရေကြောင်းသင်တန်းကျောင်းများသို့ ဥပဒေနှင့်အညီ သင့်တင့်သော ဈေးနှုန်းဖြင့် နှစ်ရှည် ငှားရမ်း ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် လေ့လာသူ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ စေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းက မြန်မာနိုင်ငံသဘင်္ဘောသားများ သင်ကြားလေ့ကျင့်ပေးနေသော ပုဂ္ဂလိက ရေကြောင်းသင်တန်း ကျောင်းများရဲ့

အဆောက်အအုံဆိုင်ရာ Infrastructure လိုအပ်ချက် အခက်အခဲများ ဖြစ်နေပါသဖြင့် နိုင်ငံတော်/ ဝန်ကြီးဌာနပိုင်/ ပိုလျှံ/ အသုံးမလို/ အသုံးမပြုတော့သော အဆောက်အအုံများ/သင်တန်းကျောင်းများ/ ဌာနများအား သင့်တင့်သော စျေးနှုန်းဖြင့် နှစ်ရှည်ငှားရမ်း ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ရှိခဲ့ပါက မည်သည့်နေရာ၊ မည်သည့်ကာလမှာ မြန်ဆန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက တိုးပေးပါရန်နှင့် Power Point သုံးခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ သင်္ဘောသားလုပ်ငန်းက ၁၉၆၀ ခုနှစ် ဝန်းကျင်ကတည်းက တွင်ကျယ်စွာ စတင်ခဲ့ပြီး ယနေ့ထိ ခိုင်မာစွာ ရပ်တည်လျက်ရှိပါတယ်။ ရေကြောင်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ စာရင်းအရ သင်္ဘောသား စုစုပေါင်း (၉၀၀၀၀) ကျော်နဲ့ မှတ်ပုံတင်ထားပြီး သင်္ဘောသား (၃၀၀၀၀)ကျော်တို့ဟာ နိုင်ငံခြား သင်္ဘောပေါ်မှာ တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရှိ (၁၅၆)ခုသော ကုမ္ပဏီများမှ လစဉ် သင်္ဘောသား (၃၀၀၀) နီးပါးဟာ နိုင်ငံခြားကုမ္ပဏီသင်္ဘောတွေမှာ တက်၊ ဆင်းဝင်ထွက် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လူ့အရင်းအမြစ် ဖွံ့ဖြိုးမှု (Human Resource Development ) အတွက် လုပ်ငန်း တစ်ခုဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို လုပ်ခလစာ နိုင်ငံခြားငွေ ပြန်လည် စီးဝင်ခြင်းဖြင့် တိုးပွား စေတဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနေပါတယ်။ Korea International Cooperation Agency ရဲ့ စစ်တမ်းအရ ၂၀၁၄ခုနှစ်၊ သင်္ဘောသားများရဲ့ လစာ ဝင်ငွေဟာ မြန်မာ့GDPရဲ့(၃.၀၆)ရာခိုင်နှုန်း ရှိပြီး ၂၀၁၁ခုနှစ်ပို့ကုန်များရဲ့ (၂၄.၆၃)ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။

နိုင်ငံတကာ ရေကြောင်းသွားလာရေးနှင့် သက်ဆိုင်သော လုပ်ငန်းဖြစ်တဲ့အတွက် သင်္ဘော အရာရှိ၊ သင်္ဘောသားတွေဟာ ကမ္ဘာ့ရေကြောင်းအဖွဲ့ချုပ် IMO ရဲ့ ကွန်ဗင်းရှင်းတစ်ခုဖြစ်တဲ့ STCW (International Convention on Standards of Training , Certification and Watch Keeping for Seafarers) အရ ရာထူးအဆင့်အလိုက် လိုအပ်တဲ့ သင်တန်းများ တက်ရောက်ပြီး နိုင်ငံတကာ သင်တန်းကျောင်းအဖြစ် ပြင်ဆင်ပြီး ရန်ကုန်မြို့နေရာ အနှံ့အပြားမှာ အဆောက်အအုံ ပုံစံမျိုးစုံနဲ့ အဆင်ပြေသလို ငှားရမ်းဖွင့်လှစ်နေကြပါတယ်။ ကြီးမြင့်လာတဲ့ မြေအိမ်ငှားရမ်းခနှင့် ပြင်ဆင်စရိတ်ကြောင့် သင်တန်းကြေးများဟာ သင်တန်းသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး လူနေအိမ်များကို သင်တန်းခန်းအဖြစ် ပြောင်းလဲ သုံးစွဲရတဲ့အတွက် သင်တန်းများရဲ့ အရည်အသွေးကို ထိခိုက်စေပါတယ်။ အခြေခံလိုအပ်ချက် Facility များလည်း ပြည့်စုံလုံလောက်မှု မရှိပါ။ နိုင်ငံတကာမှ သင်္ဘောကုမ္ပဏီများ နှင့် အဖွဲ့အစည်းများဟာ ရေကြောင်းဆိုင်ရာ သင်တန်းကျောင်းများသို့ မကြာခဏ လာရောက်လေ့လာပြီး မြန်မာနိုင်ငံသင်္ဘောသားများ၏ အရည်အသွေးကို အကဲဖြတ်လေ့ရှိပါတယ်။ အဆောက်အဦပုံစံမျိုးစုံမှာ ဖွဲ့စည်းမှုပုံစံမျိုးစုံနဲ့ ရှိနေတဲ့အတွက် သင်တန်းကျောင်းတွေဟာ အမြင်မလှဘဲနဲ့ ဖြစ်ရပါတယ်။ သတ်မှတ်စံချိန်စံညွှန်းနှင့် မညီတဲ့ ဝေဖန်မှု၊ ထောက်ပြမှုများလည်း ကြုံတွေ့နေရပါတယ်။ မြန်မာသင်္ဘောသားများကို ငှားရမ်းသုံးစွဲတဲ့ သင်္ဘောကုမ္ပဏီများမှလည်း လေ့ကျင့်သင်ကြားရေးဆိုင်ရာပစ္စည်းများ Teaching and Training Aids ကို ထောက်ပံ့မှု ပေးတဲ့အခါမှာလည်း တပ်ဆင်သုံးစွဲဖို့ နေရာ လုံလောက်မှု မရှိတာကို တွေ့ရပါတယ်။

မကြာမီ ၂၀၁၇ မှာ လာရောက်မယ့် EMSA – European Maritime Safety Agency နှင့် IMO တို့မှ စစ်ဆေးမဲ့ Audit လုပ်ငန်းလည်း ထောက်ပြစရာ အားနည်းချက်များ ဖြစ်လာနိုင်ပါတယ်။ White List ခေါ် IMO မှ STCW Convention နဲ့ ကိုက်ညီမှု ရှိ/ မရှိ (၅)နှစ်တစ်ကြိမ် စစ်ဆေးရာမှာလည်း အဟန့်အတား ဖြစ်စေနိုင်ပါတယ်။ Korea International Cooperation Agency မှလည်း သင့်လျော်တဲ့ သင်ကြားမှု အထောက်အကူပစ္စည်းများ အားနည်းခြင်းကို ထောက်ပြခဲ့ဖူးပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ နိုင်ငံတော်/ ဝန်ကြီးဌာနပိုင်/ ပိုလျှံ/ အသုံးမပြု/အသုံးမလိုတော့သော အဆောက်အအုံများ/ သင်တန်းကျောင်း/ဌာနများအား ပုဂ္ဂလိကပိုင် ရေကြောင်းသင်တန်းကျောင်းများသို့ ဥပေဒနှင့်အညီ သင့်တင့်သော ဈေးနှုန်းဖြင့် နှစ်ရှည် ငှားရမ်းဖွင့်လှစ် ခွင့်ပြုရန် ရှိ / မရှိ နှင့် ရှိခဲ့ပါက မည်သည့် နေရာ၊ မည်သည့်ကာလမှာ မြန်ဆန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ညြဘာသံများ)


မြန်မာ့ပင်လယ်ရေကြောင်းဆိုင်ရာလုပ်ငန်းခွင်များနှင့် သက်ဆိုင်သည့်သဘော်ပုံ (ဒ)





မြန်မာနိုင်ငံ သင်္ဘောသားများ၏ အချက်အလက်များပြပုံ (ဒ-၁)

# Background

- No. of Registered Myanmar Officers = 20230 (2014)
- No. of Registered Myanmar Crew = 73854 (2014)
- No. of registered Myanmar Seafarers = 94084 (2014)
- Date of STCW (2010) enforcement = 31-Dec-2016
- No. of Maritime Training Centres = 34
- Type of courses conducted = 31




မြန်မာသင်္ဘောသားများ မြင်ကွင်းပုံ (ဒ-၂)



**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒီကိစ္စဟာအားလုံး ပြည်သူလူထုတစ်ရပ်လုံး ခံစားနေရတဲ့ ရေကြီးရေလျှံမှုပြဿနာဖြစ်တဲ့ အတွက်ကြောင့် အားလုံးလည်း ပိုပြီးတော့ ဗဟုသုတရစေခြင်းအကျိုးငှာ ကျွန်တော် ပြည့်ပြည့်စုံစုံ ဖြေကြားသွားချင်ပါတယ်။ ဒါကြောင့် Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် တင်ပြခဲ့တဲ့ ဧရာဝတီမြစ်ရိုး တစ်လျှောက် နေထိုင်ကြတဲ့ စလင်းမြို့နယ်သူ/မြို့နယ်သားတွေဟာ နှစ်စဉ်ဧရာဝတီမြစ်ကမ်းပါးပြိုတဲ့ အန္တရာယ်ကနေ ကာကွယ်ဖို့ရာအတွက် ရေကာတာတွေတည်ဆောက်ရတယ်။ ဒါတွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ပါသလားဆိုပြီးတော့ မေးမြန်းထားတာဖြစ်ပါတယ်။ တကယ်တမ်း ကတော့ ဒီ ဧရာဝတီဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အသက်သွေးကြော ဖြစ်တယ်။ အားလုံး အဲဒီမှာ နှစ်စဉ် မနှစ်ကနဲ့ ဒီနှစ်ဆိုရင် ၂၀၁၅ မှာရော၊ ၂၀၁၆ မှာရော တကယ့်ရေကြီး ရေလျှံမှုတွေ ခံစားနေရတယ်။ ဒါဟာ ဘာကြောင့်ဖြစ်သလဲဆိုတော့ နှစ်ပေါင်းများစွာ ကျွန်တော်တို့ မြစ်ကို အသုံးပြုတဲ့သူတွေအနေနဲ့ နည်းလမ်းတကျအသုံးပြုမှုမရှိဘူး။ ရေမှာပေါက်တွေများတယ်။ ရေနည်းချိန်မှာ ရေအနက်မလုံလောက်ဘူး။ ရေများချိန်မှာ ရေလွှမ်းမိုးတယ်။ ရေတိုက်စားကမ်းပြိုမှုတွေ ဖြစ်တယ်။ သဲနုန်းပို့ချမှုတွေများတယ်ဆိုတာ မြစ်ရဲ့ ပျက်စီးလာတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။

၁၉၈၇ ခုနှစ်က နယ်သာလန်နိုင်ငံ Royal Haskoning ရဲ့အစီရင်ခံစာအရ ဧရာဝတီမြစ်အတွင်းမှာ နှစ်စဉ်ပျှမ်းမျှ ကျဆင်းတဲ့သဲနုန်းပမာဏဟာ တန်ချိန်(၂၇၈)သန်း ရှိပါတယ်။ ချင်းတွင်းမြစ်က တန်ချိန်(၁၃၁)သန်းဟာ အနည်ပို့ချပါတယ်။ အဲဒါမြစ်အတွင်းမှာ ကျဆင်းအနည်ထိုင်တဲ့ သဲနုန်းသောင်တွေကြောင့်မို့ မြစ်ညာကနေ မြစ်ကြေထိ သဲနုန်းသောင်တွေ ရွေ့လျားမှုဖြစ်ပေါ်လာပြီးတော့ မြစ်ကြမ်းပြင်ပြောင်းလဲမှု River Morphology Changes တွေ ဖြစ်လာတယ်။ အဲဒါကြောင့် မို့လို့ ရေတိုက်စားတာတွေ၊ ကမ်းပြိုတာတွေ နှစ်စဉ်ကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေနည်းချိန်ရှိတယ်၊ ရေများတဲ့ အချိန်ရှိတယ်၊ ဧရာဝတီမှာ။ အဲဒီ ရေနည်းတဲ့အချိန်နဲ့ ရေများတဲ့အချိန်ရဲ့ ရေအမြင့်ပေ ကွာခြားချက်က ဒီမှာတော့ (၁၀)မီတာနဲ့ (၁၃.၅)မီတာပါ။ တကယ်တမ်းက (၃၃)ပေကနေ (၄၃)ပေထိ ကွာခြားပါတယ်။ ရေအမြင့်ကွာခြားချက်။

နောက်တစ်ခါ ရေစီးတဲ့နှုန်းကျတော့လည်းပဲ ရေများတဲ့အချိန်မှာ (၁)စက္ကန့်မှာ ကုဗမီတာ (၄၀၀၀၀) ကျော် စီးဆင်းနေပြီးတော့ ရေနည်းတဲ့ အချိန်ကျတော့ (၁)စက္ကန့်မှာ ကုဗမီတာ(၂၀၀၀)ပဲရှိပါတယ်။ အဲဒီမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လေ့ရှိပြီးတော့ ရေနည်းချိန်မှာ ရေလမ်းကြောင်းပြောင်းပြီးတော့ တချို့နေရာတွေမှာကျတော့ ရေစားကမ်းပြိုလေ့ရှိကြောင့် Report တွေမှာ တွေ့ရှိရပါတယ်။

မကွေးတိုင်းဒေသကြီးကတော့ မြစ်ချောင်းတွေက ပေါများတယ်။ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်က မကွေးတိုင်းဒေသထဲမှာ ပေါင်းဆုံတယ်။ မိုးရာသီရေများတဲ့အချိန်မှာ ရေစီးထုထည် များပြားပြီးတော့ ရေကြီးရေလျှံ ရေတိုက်စား ကမ်းပြိုမှုတွေဖြစ်တယ်။ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ရဲ့ ရေကြီးတဲ့အကြောင်းလည်းပဲ မြစ်ကမ်းပါးတွေဟာ ကျေးရွာနဲ့ စိုက်ပျိုးမြေတွေ ရေတိုက်စား ကမ်းပြို မှုဟာနှစ်စဉ် ကြုံတွေ့ရပါတယ်။ ဧရာဝတီနှင့်ချင်းတွင်းရဲ့ ရေတိုက်စားမှုကြောင့် ပခုက္ကူခရိုင် အတွင်းမှာ (၈)နေရာ၊ မကွေးခရိုင်အတွင်းမှာ (၁)နေရာ၊ မင်းဘူးခရိုင်အတွင်းမှာ(၈)နေရာ၊ သရက်ခရိုင်မှာ (၄)နေရာ အဲဒါမျိုးရေတိုက်စားခံရတဲ့ နေရာတွေရှိပါတယ်။

ဒီဘယ်ဘက်ခြမ်းကနေပြီးတော့ အနောက်ဘက်ခြမ်းကနေပြီးတော့ ဧရာဝတီ မြစ်ထဲကိုစီးဝင်တဲ့ ချောင်းပေါင်း ချင်းတွင်းမြစ်အပါအဝင် (၈)ခုရှိပါတယ်။ ညာဘက်ခြမ်းမှာ အပြာ ရောင်တွေက တစ်နှစ်လုံးရေစီးဝင်တဲ့ ချောင်းတွေပါ။ အဲဒီ အရှေ့ဘက်ကမ်းကနေပြီးတော့ ချောင်း (၄)ခု စီးဝင်ပါတယ်။ အားလုံးပေါင်း ချောင်း(၁၂)ခုသည် ဧရာဝတီမြစ်ထဲကို စီးဝင်လာပါတယ်။ ဒါကတော့ မကွေးတိုင်းဒေသကြီးအတွင်းမှာ ဧရာဝတီမြစ်ရေကြောင်းအခြေအနေ၊ ခုနတုန်းက ဒီ အဝါ လေးတွေပြထားတဲ့ နေရာတွေက ဒါ Navigation အတွက် ရေယာဉ်တွေသွားလာဖို့ရာအတွက် အင်မတန် ရေကြောင်းကျပ်တည်းတဲ့ နေရာတွေဖြစ်ပါတယ်။ ရေကြောင်းကျပ်တည်းတယ်ဆိုတာက ရေနည်းတဲ့အချိန်မှာ နှစ်ပေခွဲ၊ သုံးပေလောက်ပဲ ရေထုရှိတဲ့ နေရာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီ နေရာတွေကို ပြင်နိုင်မှ သင်္ဘောတွေ လုံခြုံစိတ်ချစွာသွားလာနိုင်မှာ ဖြစ်ပါတယ်။ မြစ်ရဲ့ အခြေအနေကို အဲဒီအတိုင်းတင်ပြပါတယ်။

အနီရောင် အားလုံးပေါင်း ကမ်းပြိုမှုဖြစ်ပွားတဲ့နေရာ (၁၉)နေရာမှာ အနီရောင် ကတော့ ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ စလင်းမြို့နယ်ရဲ့ အဓိကကျတဲ့နေရာ (၄)နေရာ ဖြစ်ပါတယ်။ ဘိုကုန်း-ကြူတော-ဆင်မကျွန်း-သနပ်ကုန်း-တလင်းကြီးကုန်းကျေးရွာတွေ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ကမ်းပါးပြို ဒီဘက်ပုံမှာ အနီရောင်ပြထားတဲ့နေရာ ရေဟာအဲလို ကွေ့လာတဲ့အခါမှာ အဲဒီဘက်ကို တိုက်စားပါတယ်။ အဲဒါကို ကျွန်တော်တို့က အလျားပေ(၁၃၂၀)ရှိတဲ့ ရေကာတာလုပ်ရမှာ ဖြစ်ပါတယ်။ ခုနက ပုံမှာ ပြထားတဲ့အတိုင်းပဲ ကမ်းပြိုနေတဲ့ အခြေအနေတွေ အဲဒီနှစ်က ရိုက်ခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ တုန်းကသန်း(၃၀၀)ကျော် သုံးခဲ့ရပါတယ်။ ၂၀၁၅-၂၀၁၆ မှာလည်း (၅၂၃)သန်း သုံးခဲ့ရပါတယ်။ အဲဒီမှာ ဒီအတိုင်းထားတဲ့ဟာတွေ၊ အဲဒါက ကျွန်တော်တို့ လုပ်ထားတဲ့ဟာပေါ့။ ဒီတစ်ခါလုပ်ရင် ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကျောက်စီရေကာတာ သေသေချာချာ လုပ်ရပါတယ်။ အဲဒါ ဘိုကုန်းကျေးရွာမှာ လုပ်ထားခဲ့တဲ့ ၂၀၁၄-၂၀၁၅ ကလုပ်ခဲ့တာပါ။ ၂၀၁၅-၂၀၁၆ မှာ လုပ်ခဲ့တဲ့ဟာပါ။ ဒီကြားထဲမှာ ကျွန်တော်တို့ ကျွန်းဖြတ်တူးမြောင်းကိုလည်း

ဖြတ်ပြီးတော့ ဟိုဘက်ကို တိုက်စားတဲ့ဟာကို အားနည်းအောင် လုပ်ခဲ့ရတဲ့ဟာတွေပါ။ ၂၀၁၆-၂၀၁၇ ခုနှစ် ဒီနှစ်က ရေအစောကြီးပြီးတော့ ဆင်မကျွန်းကျေးရွာမှာ၊ ခုနတုန်းက အဘကြီး ဦးဝင်းမောင် ပြောတဲ့ ဒါ ဆင်မ ကျွန်းကျေးရွာမှာ ရေတိုက်စားထားတဲ့ဟာတွေပါ အဲဒီမှာ ကျွန်တော်တို့ လိုနေတာက ဒီဘက် အနီရောင် တန်း ကျွန်တော်တို့ လုပ်ဖို့လိုနေတာပါ။

ဒါကတော့ ဒီဆင်မကျွန်းတိုက်စားမှုကို အားနည်းအောင် အလယ်ရေကာတန်းတွေ လုပ်ရတဲ့ အချိန်ပါ။ ၂၀၁၄-၂၀၁၅ တုန်းကလည်းဆက်ပြီးတော့ လုပ်ခဲ့တာပါ။ ဒီ(၄)နေရာကို မျှလုပ်ခဲ့တာပါ။ ၂၀၁၄-၂၀၁၅ ပါ။ ခုနတုန်းက စလင်းမြို့နယ်ထဲက ဟာတွေ ချည်းပဲ။ ဒါအထဲထဲမှာ ရေမျောတဲ့ ကျောက်စီရေကာတန်းတွေရိုက်ရတဲ့ အခြေအနေပါ။ အဲဒါက ၂၀၁၆-၂၀၁၇ မလုပ်ရသေးပါဘူး။ ဘာလို့လဲဆိုရင် ရေအစောကြီး ကြီးသွားတော့ မလုပ်ရသေးတော့ ရထားတဲ့ ပိုက်ဆံကို ဒီ မိုးကျသွားရင် ခုနက အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ဒီနှစ် မကုန်ခင်မှာ ကျွန်တော်တို့ အပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဘကမေးတာက ၂၀၁၇-၂၀၁၈ မှာ ဘာလုပ်မှာ လည်းလို့ မေးတာပါ။ အဲဒီတော့ ၂၀၁၇-၂၀၁၈မှာ ဘာလုပ်မှာလဲဆိုတော့ ကျွန်တော်တို့က တကယ်တမ်းက ဖြစ်ရတဲ့ အကြောင်းအရင်း က ကမ်းပါးပြိုတာတွေကို လိုက်လုပ်နေတာကတော့ သူရဲ့ နောက်ဆက်တွဲရောဂါသာ ဖြစ်တယ်။ တကယ့် ရောဂါအရင်းအမြစ်တွေ၊ ဧရာဝတီမြစ်ရဲ့ ရေလမ်း ကြောင်းထိန်းသိမ်းမှု အားနည်းခဲ့လို့ ဖြစ်တာ။ ဒါကြောင့် အဲဒါကိုက ပိုက်ဆံက အများကြီးကုန်မှာ။ ဒါကြောင့် ကျွန်တော် ခု ဘယ်လ်ဂျီယံ နိုင်ငံက Proposal တစ်ခုလာပါတယ်။ Stabilize Intract (၁.၆)ရာခိုင်နှုန်းလောက် ရှိပြီး တော့ အင်မတန် လွတ်လပ်ပါတယ်။ သူတို့ကိုလည်း ငှားရမ်းချင်မှ ငှားပါ။ ဒီ ကြိုက်တဲ့ ကုမ္ပဏီကို ငှားခွင့်ပေးပါတယ်။ ပိုက်ဆံက ယူရို သန်း(၁၀၀)ရမှာပါ။

ယူရို သန်း(၁၀၀)ရရင် ကျွန်တော်တို့ ဘာသုံးမလဲ။ ဒီ Proposal ကတော့ ခု ကျွန်တော် လုပ်နေပါတယ်။ ဘယ်လ်ဂျီယံကလည်း လွန်ခဲ့တဲ့(၃)ပတ်လောက်ကမှ လာတာပါ။ လာတဲ့ အခါ မှာ အင်မတန်ကောင်းတဲ့ အတိုးနှုန်းကတော့ (1.6)Percent ရှိပြီးတော့ ပြန်ဆပ်ကာလလည်း နှစ်(၃၀) (၄၀)လောက်ဖြစ်တော့ ကျွန်တော် အဲဒါကို ချင်းတွင်းမြစ်ရေလမ်း ထိန်းသိမ်းရေးထဲမှာလည်း သုံးမယ်။ ဧရာဝတီမြစ်ရေလမ်းထိန်းသိမ်းရေးထဲမှာလည်း သုံးမယ်။ အဲဒီ ယူရို သန်း(၁၀၀) US dollars ဖွင့်ပြီးတော့ ကျွန်တော် ခွဲထားတာပါ။ ဒါ ဆိပ်ကမ်းလေးလည်း မန္တလေးနဲ့မုံရွာ ဆိပ်ကမ်းလေးတွေ လုပ်မယ်။ Feasibility study လုပ်မှာရယ် River Training အဓိကကတော့ River Training နှင့် Channel Management မကောင်းခဲ့လို့ ဖြစ်ရတဲ့ ပြဿနာဆိုတော့ အဲဒါကိုတော့ ကျွန်တော်တို့ လုပ်မှာပါ၊ ဒီကြားထဲမှာလည်း (၅)နှစ်စီမံကိန်းမှာလည်း ကျွန်တော် တစ်ခုပြီးတစ်ခု အားလုံး ကောင်းသွားအောင် ဒီကြိုးစားပြီးဆောင်ရွက်မယ်လို့ ကျွန်တော်တို့ လျာထားပါတယ်။ ၂၀၁၇-၂၀၁၈ မှာတော့ ဒီအတိုင်း စလင်းတင်မကပါဘူး။ ဧရာဝတီမြစ်ကြောင်းကြီးတစ်ခုလုံးကို အမှန်ကတော့ (AIRBM) ဆိုတာ Ayeyarwaddy Integrated River Basing Management တကယ်တမ်းကျတော့ မြန်မာနိုင်ငံဟာ ဧရာဝတီမြစ်ကြီးရဲ့ မြစ်ဝှမ်းကြီးဟာ မြန်မာနိုင်ငံ ဧရိယာကြီးရဲ့ (၆၀)ရာခိုင်နှုန်းလောက်ရှိတယ်။ အဲဒါကြီးအားလုံးကို လေ့လာတဲ့ Management ကကြာမှာ။ အဲဒါမို့ကြောင့် မကြာဘဲနဲ့ ရသလောက်ကို လုပ်သွားမယ်ဆိုပြီတော့ ဒါ လုပ်တာပါ။ ဒါ ဒီချေးငွေ ရခဲ့ရင်လည်း လုပ်မယ်။ မရသေးရင်လည်းဘဲ ကျွန်တော် ဘတ်ဂျက်မှာ ကျွန်တော်တို့ ဆက်တောင်း

ပါမယ်။ ဘာကြောင့်လည်းဆိုတော့ River Training အတွက်ဆိုရင် ဘတ်ဂျက်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ တော်တော်လေးနည်းခဲ့တော့ အဲဒါတွေကို ကြိုးစားပြီးတော့ ဆောင်ရွက်သွားပါမယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နောက် ဒုတိယမေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဦးမောင်မောင်အုန်းကလည်း တကယ်တမ်းရေကြောင်းပညာမှာ ကျွမ်းကျင်ခဲ့တဲ့ ကိုယ်စားလှယ်ကြီးဖြစ်တဲ့အတွက်ကြောင့် သူကတော့ အသေးစိတ်တင်ပြပါတယ်။ ဒါက တကယ်လည်းပဲ မှန်ပါတယ်။ ဒီ(၁)သိန်းကျော်ရှိသော Seafarers သင်္ဘောသားတွေ၊ သင်္ဘောအင်ဂျင်နီယာတွေသူတို့ရဲ့ Training တွေဟာ တကယ်တမ်းလည်းလိုအပ်ပါတယ်။ အဲဒီအတွက် ကျွန်တော် အထောက်အထား ပြည့်ပြည့်စုံစုံလေးလည်းရှင်းပြချင်လို့ Power Point အသုံးပြုခွင့် ပေးပါခင်ဗျား။

ဒါကတော့ဒီဝန်ကြီးဌာနပိုင်ပိုလျှံ/အသုံးမပြု/အသုံးမလို/ မပြုလုပ်သောအဆောက်အအုံများ/သင်တန်းကျောင်းဌာနများ ဥပဒေနှင့်အညီ သင့်တင့်သောဈေးနှုန်းဖြင့် နှစ်ရှည်ငှားရမ်း ဖွင့်လှစ်ခွင့်ပြုပါရန်ဆိုရင် ဒါ အတိုချုပ်ဖြေရရင်တော့ ကျွန်တော်တို့ ပေးနိုင်ပါတယ်။ ဒါပေမဲ့ လောလောဆယ် ဒီအခြေအနေလေး ရှင်းပြချင်လို့ပါ။ တကယ်တမ်းကတော့ ဒီ ခုနတုန်းက ဦးမောင်မောင်အုန်း ပြောတဲ့ အထဲမှာလည်း ပါပြီးသားပါ။ တကယ်တမ်း ကျွန်တော်တို့က IMO က အမြဲတမ်းစစ်ပါတယ်။ (၅)နှစ်တစ်ကြိမ် စစ်ပါတယ်။ သူ့ရဲ့ ကျွန်တော်တို့က ဒီ နိုင်ငံခြားသင်္ဘောတွေကို လိုက်တဲ့ သင်္ဘောသားတွေကို သင်္ဘောအင်ဂျင်နီယာတွေ၊ သင်္ဘောအရာရှိတွေ ကုန်းပတ်ပဲဖြစ်ဖြစ်၊ အင်ဂျင်နီယာတွေပဲဖြစ်ဖြစ် အားလုံးဟာ တကယ်တမ်းကျွမ်းကျင်ရပါတယ်။ အဲဒီ Certificate တွေရှိရပါမယ်။ အဲဒီ Certificate တွေကို ပေးတဲ့အခါမှာ ဒီ သင်တန်းဆင်းလက်မှတ်တွေဟာ တကယ်တမ်း IMO ရဲ့ Standard တွေနဲ့ ကိုက်ညီရဲ့လား။ ခုနက ဦးမောင်မောင်အုန်း တင်ပြခဲ့တဲ့ STCW(Standards of Training Certification and Watch Keeping for Seafarers) အဲဒီ Standard တွေ ရှိပါတယ်။ အဲဒီ ကွန်ဗင်းရှင်းကို လိုက်နာရပါတယ်။ အဲဒီအတိုင်းလည်း အစစ်ခံရပါတယ်။ အဲဒီမှာလည်း အဲဒီ Convention ကြီးက ၁၉၇၈တုန်းမှာတစ်ခါ၊ ၁၉၉၅ မှာတစ်ခါ သူက တဖြည်းဖြည်းနဲ့ ပြောင်းလဲလာပါတယ်။ အခုဆို ၂၀၁၀ မှာလည်း STCW Convention သည် အမြဲတမ်းပြောင်းလဲနေပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ရဲ့သင်္ဘောတွေရဲ့ အဆင့်အတန်းတွေမြင့်လာတယ်၊ အဲဒီအခါမှာ ကျွန်တော်တို့ နိုင်ငံရဲ့သင်္ဘောသားတွေနဲ့ သင်္ဘောအင်ဂျင်နီယာတွေဟာ အဲဒီအချက်အလက်တွေကို လိုက်နာဖို့ လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ အပြင်မှာခေါ်နေတဲ့ White list ဆိုတဲ့ သတ်မှတ်ချက် အရည်အချင်းပြည့်မီတယ်၊ မြန်မာနိုင်ငံက သင်္ဘောသားတွေနဲ့ သင်္ဘောအင်ဂျင်နီယာတွေဟာ အရည်အချင်းပြည့်မီတယ်ဆိုတာ။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ ကျောင်းနှစ်ကျောင်းတည်းနဲ့မပြီးပါဘူး။ ဦးမောင်မောင်အုန်း တင်ပြ တဲ့ အတိုင်းပဲ ပုဂ္ဂလိကကျောင်းတွေလည်း (၃၁)ကျောင်းတောင်ရှိပါတယ်။

ဒါ ကျွန်တော် ခုနတုန်းကပြောခဲ့တဲ့ ကျွန်တော်တို့မှာရှိတဲ့ ကျောင်း(၂)ကျောင်း၊ ဒီ MMU ဆိုတဲ့ ဒီ ရေကြောင်းသိပ္ပံနှင့် ရေကြောင်းတက္ကသိုလ်ပါ။ (၂)ခုရှိပါတယ်။ အဲဒီ(၂)ခုမှာလည်းပဲ ဒီ သင်္ဘောသားတွေကို မွေးထုတ်နေပါတယ်။ ပုဂ္ဂလိကသင်တန်း(၃၂)ခုကနေပြီးတော့ သင်တန်းပေါင်း အမျိုးအစားပေါင်း(၅၀)ကိုလည်းပဲ သင်ကြားနေပါတယ်။ အဲဒီအခါမှာလည်းပဲ အဲဒီကျောင်းတွေက

လုပ်ချင်တိုင်းတော့လည်း လုပ်လို့မရဘူး။ အဲဒီကျောင်းတွေမှာ ဘယ်အချက်တွေလိုက်နာ မလဲဆိုရင် STCW Convention နှင့်အညီ ကျွန်တော်တို့ DMA ကနေပြီးတော့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ အခန်းဟာ ဘယ်လိုအခန်းရှိရမယ်။ သင်္ဘောသား အဲဒီ Training မှာ Training participant တွေ၊ Training တွေ ဘယ်လောက်လောက်ရှိရမယ်။ အခန်းက ဘယ်လိုရှိရမယ်။ သူရဲ့ Facility က ဘာတွေရှိရမဆိုရင် နှစ်စဉ် အစစ်ခံရပါတယ်။ အခုလည်းပဲ ရှေ့နှစ်မှာ ဦးမောင်မောင်အုန်း တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့က အစစ်ခံရမှာ ဖြစ်ပါတယ်။ အဲဒီလို အစစ်မခံနိုင်ခဲ့ရင် မြန်မာသင်္ဘောသားတွေက White List မရခဲ့ရင် ပြဿနာရှိပါတယ်။ ဒါကြောင့် ကျွန်တော် ဒီကိစ္စဟာ အလေးအနက်ထား ဆောင်ရွက်ရတာပါ။ ဒါကတော့ အကျဉ်းချုပ်တွေပါ။ အထူးသဖြင့်တော့ အပေါ်က ရေကြောင်းတက္ကသိုလ်နဲ့ ရေကြောင်းသိပ္ပံပါ။ အောက်က Uniting ဆိုတာကတော့ ပြင်ပ ကုမ္ပဏီပါ။ ဂျာမန်က ဖွင့်တဲ့ကုမ္ပဏီ သူတို့က သင်္ဘောတွေလည်း ပိုင်တယ်။ သူက အဲဒီလိုလုပ်ပါတယ်။

နောက်ကဟာတွေကတော့ သင်တန်းအရေအတွက်တွေ ကျွန်တော် အကြမ်းဖျင်းပြောတာပါ။ အဲဒီမှာ အားလုံးပေါင်း သင်တန်းပေါင်း ကျောင်းပေါင်း(၃၂)ခု ပုဂ္ဂလိကသင်တန်းပေါင်း သင်တန်းအမျိုးအစားပေါင်းက (၅၀)ရှိပါတယ်။ အဲဒီမှာလည်းပဲ အမျိုးမျိုးပဲ ဒီကာလာလေးတွေက တိုတိုလေးတွေ၊ တချို့ဟာလေးတွေက နှစ်ပတ်၊ တချို့ဟာလေးတွေက တစ်ပတ်တို့ တချို့ကလည်း တစ်လ စသည်ဖြင့် သင်တန်းမျိုးစုံ၊ အမျိုးအစားမျိုးစုံ ရှိပါတယ်။ ခုနက ဦးမောင်မောင်အုန်း တင်ပြတဲ့ဟာ ကတကယ်တမ်းလည်းပဲ မှန်ပါတယ်။ တချို့ဟာတွေကတော့ မြို့ထဲက ပုဂ္ဂလိက တိုက်ခန်းမှာ ဖွင့်ထားတာတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော် ဖြေကြားချင်တာကတော့ ကျွန်တော်တို့မှာ အဆောက်အအုံ ခုနတုန်းက မေးကြည့်ပါတယ်။ ဒီ ပြည်တွင်း ရေကြောင်းဦးစီးဌာနကရော၊ ကြိုက်တဲ့ နေရာမှာ အခုဆိုရင် လွတ်လပ်တာကတော့ ဒေါပုံတို့ သင်္ဘောကျင်းဘက်မှာ အဲဒီလို နေရာအား တွေရှိတယ်။ နေရာအားတွေမှာ ကိုယ့်ဟာကိုယ်ဆောက်နိုင်ရင်တော့ သို့မဟုတ် အဆိုပြုပါ။ ဘာလို့လဲ ဆိုတော့ အဲဒီလိုဖွင့်ချင်တဲ့သူက ကုမ္ပဏီတစ်ခုတည်းဆိုခဲ့ရင်၊ အဖွဲ့အစည်းတစ်ခုတည်း ဆိုရင်တော့ ပြဿနာ မရှိဘူး၊ အဖွဲ့အစည်းတွေအများကြီး အပြိုင်အဆိုင်ဖြစ်လာရင်တော့ ဒီနေရာမှာ ကျွန်တော်တို့ ဒီလိုဆောက်ချင်တယ်။ ဘယ်နှစ်နှစ်သင်တန်းဖွင့်မယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဘယ်လိုလုပ်ချင်တယ်ဆိုတဲ့ Business Plan နဲ့ လုပ်ခဲ့ရင် ကျွန်တော်တို့က MIC ရဲ့ ခွင့်ပြုချက်ကို ယူပြီးတော့၊ အဲဒီမှာလည်းပဲ ဖွင့်တဲ့ သင်တန်းသည် STCW Standard တွေနဲ့ ကိုက်ညီတယ်၊ စာသင်ခန်းတွေရဲ့ ဖွဲ့စည်းပုံ၊ သင်ကြားမယ့် ဆရာတွေရဲ့ အရည်အချင်း သူက အဲဒီဟာကိုပဲ သူတို့က စစ်ပါတယ်။

ဥပမာ ကျွန်တော်တို့ MMCD ရေကြောင်းသိပ္ပံမှာဆိုရင် အဲဒီဆရာတွေက အရည်အသွေးဟာ ခုနကပြောတဲ့ Chief Officer Certificate ရှိရမယ်။ Captain Certificate ရှိရမယ်ဆိုတဲ့ သတ်မှတ်ချက်တွေရှိပါတယ်။ အဲဒီသတ်မှတ်ချက်ရှိတဲ့ ဆရာရဖို့ကို ကျွန်တော်တို့မှာ တော်တော်ခက်ပါတယ်။ ဒီမှာတော့ ဦးမောင်မောင်အုန်း တို့ကတော့ တော်တော်လေးကို ခုနက ကျွမ်းကျင်တဲ့ ပညာရှင်တွေပါတဲ့၊ အင်ဂျင်နီယာတွေပါတဲ့ ကျောင်းဖွင့်တယ်လို့ သိရပါတယ်။ အဲဒီတော့ အဲဒီမျိုးဆိုရင် လုပ်ပါ။ ကျွန်တော်တို့ အားပေးပါမယ်။ အသေအချာ အဆိုပြုပြီးတော့ ကျွန်တော်တို့က MIC ရဲ့ အဆိုပြုချက်ကိုတော့ တောင်းခံရပါမယ်။ အခြားအဖွဲ့အစည်း တွေကလည်း တစ်ပြိုင်တည်း များလုပ်ချင်ခဲ့ရင်

ကျွန်တော်တို့ ပြိုင်ရပါမယ်။ ဒါပေမဲ့ နှစ်ခုရှိရင်တော့ နှစ်ခုလုံး ပေးလိုက်မှာပေါ့။ နှစ်နေရာစာ၊ သုံးနေရာစာလုံးလောက်ရင်လည်း ကျွန်တော်တို့ ပေးနိုင်မှာပါ။ အဲဒီတော့ Cabinet ခွင့်ပြုချက် MIC ခွင့်ပြုချက်၊ စီမံဘဏ္ဍာရဲ့ ခွင့်ပြုချက်နှင့် အားလုံး ကျွန်တော်တို့ လုပ်ပေးပါမယ်။

နောက်တစ်ခုက အားလပ်တဲ့ အခန်းပေါ့။ အဲဒါကျတော့ နည်းနည်းခက်တယ်၊ ဟိုမှာ ရေကြောင်းသိပ္ပံမှာ၊ ဟိုတစ်နေ့က ရေကြောင်းတက္ကသိုလ်ကျတော့ သူ့ကို တစ်ခါတည်း Grand အဖြစ်နဲ့ ပေးတာ။ ကိုရီးယားက။ အဲဒီမှာကျရင်တော့ ခုနကပြောတဲ့ တကယ်ကိုပဲ Simulate တွေနဲ့ ငှားတာတွေရှိပြီးတော့ အစိုးရပိုင် အဆောက်အဦထဲမှာ MMU တို့ MMC တို့မှာတော့ MMC မှာလည်း Fire Fighting တို့ တချို့ သင်တန်းလေးတွေ ယာယီတစ်နှစ်သင်တန်းလေးတွေတော့ ရှိပါတယ်။ အဲဒါတွေ ကတော့ တစ်နှစ်စာချုပ်နဲ့ ကျွန်တော်တို့မှာ MIC တင်စရာမလိုဘဲနဲ့ ဒီ တစ်နှစ်စာချုပ်နဲ့ ဘာလို့လဲဆိုတော့ တချို့က သင်တန်းက ခဏခဏ ပြောင်းတယ်၊ ပစ္စည်းကလည်းပဲ ဒီသင်ထောက်ကူ ပစ္စည်းတွေကလည်းပဲ ခဏခဏ ထည့်ရတဲ့အခါမှာ မြန်မြန် သူလည်း လုပ်သာကိုင်သာအောင် နှစ်ရှည်ခဲ့ရင်တော့ သူက ရင်းနှီးမြှုပ်နှံမှု များများနဲ့ တကယ်တမ်းအကျိုးရှိတဲ့ ဟာကို လုပ်ဖို့လိုမယ်လို့ ကျွန်တော် ယူဆပါတယ်။

နောက်ဆုံး နိဂုံးချုပ်ရရင်တော့ ကျွန်တော်တို့ ကြိုဆိုပါတယ်။ ခုနတုန်းက မြေလွတ်တွေမှာ ဘယ်နေရာကတော့ဖြင့် လူလည်းသွားလို့လာလို့ လွယ်တယ်၊ ဒီမှာလည်း နေရာ ကလည်း အားလုံးအဆင်ပြေတယ်။ အဆောက်အအုံကို ဒီလိုဆောက်မယ်၊ ဒီလိုဆိုရင် ဘယ်လောက် ပိုက်ဆံကုန်မယ်၊ ဒီလိုဆိုရင်လည်း နှစ်ဘယ်လောက် ရသင့်တယ်ဆိုတဲ့ Proposal နဲ့ တင်ခဲ့ရင် ကျွန်တော်တို့ ကြိုဆိုပါတယ်။ အားလုံး ဆောင်ရွက်နိုင်ပါတယ်။ အပြိုင်အဆိုင်ဖြစ်ခဲ့ရင်တော့ အဲဒီ နေရာကိုပဲ အားလုံးက နှစ်ယောက်သုံးယောက်တောင်းရင်တော့ ကျွန်တော်တို့ တင်ဒါခေါ်ရ ပါမယ်။ MICခွင့်ပြုချက် ယူရပါမယ်။ အဲဒီလိုပဲဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်း များဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုင်းရင်းသား မိခင်ဘာသာစကားကို အစိုးရမူလတန်းအောက်ဆင့်အတန်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပေးရန်နှင့် စာမေးပွဲစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က တိုင်းရင်းသား မိခင်ဘာသာစကားကို အစိုးရမူလတန်းအောက်ဆင့်အတန်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပေးရန်နှင့် စာမေးပွဲစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော်က မေးခွန်းတစ်ခု မေးဖို့ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ တိုင်းရင်းဘာသာစာပေကို မူလတန်းအောက်ဆင့် အတန်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပေးရန်၊ စာမေးပွဲစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိလျှင် မည်သည့်စာသင်နှစ်မှ စ၍ ကျောင်းအချိန်ဇယားအတိုင်း သင်ခွင့်ပြုမည်ဖြစ်ကြောင်း သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲဒီထဲမှာ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့ဟာ နှစ်ထောင်ပေါင်းချီလို့ ကိုယ်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ကိုယ့်ဘာသာစာပေ၊ယဉ်ကျေးမှုနဲ့ နေလာခဲ့ကြတဲ့ လူမျိုးတွေဖြစ်ပြီး၊ ကျန်တိုင်းရင်းသားများဟာလည်း ကိုယ့်ဒေသ၊ ကိုယ့်တောင်တန်းမှာ ကိုယ့်အကြီးအကဲမင်းတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုနဲ့ နေလာခဲ့ကြတဲ့ တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ သူတို့မှာ ကိုယ်ပိုင် ဘာသာစကားနဲ့ မိခင်စာပေ အသီးသီးရှိကြပါတယ်။ ကျွန်တော်တို့ ရခိုင်လူမျိုးတွေမှာဆိုရင် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော် ဝေသာလီခေတ်နှောင်း ကာလက စလို့ ရက္ခဝဏ္ဏအက္ခရာဖြင့် ရခိုင်စာပေကို ရေးသားလာကြတာ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့ကို ဖြတ်ကျော်ပြီး ယနေ့ခေတ်၊ ယနေ့အချိန်အထိ ရခိုင်စာပေအရေးအသားနဲ့ ရေးသားနေကြတုန်းဖြစ်ပါတယ်။ ကျန်တိုင်းရင်းသားတွေမှာလည်း ၎င်းတို့ရဲ့ မိခင်ဘာသာစကားနှင့် ရေးသားနေကြဆဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးတိုင်းမှာ ဘာသာစကားဆိုတာရှိပါတယ်။ စာပေဆိုတာ ဘာသာစကားမှတစ်ဆင့် တီထွင်ရေးသားပေါ်ပေါက်လာတာသာ ဖြစ်ပါတယ်။ အက္ခရာတူရင်တူမယ်။ အဲဒီတူညီတဲ့ အက္ခရာတစ်ခုတည်းမှပဲ ဘာသာစာပေ အမျိုးအစား ကွဲပြားရေးသားလာကြတာ ဖြစ်ပါတယ်။ ဥပမာ အင်္ဂလိပ်စာပေနဲ့ အမေရိကန်စာပေ ရေးသားကြသလိုမျိုးဖြစ်ပါတယ်။ စာပေ ပျောက်ရင် လူမျိုးလည်း ပျောက်သွားနိုင်တယ်ဆိုတာ တိုင်းရင်းသားတွေအားလုံး ခံစားနေကြရပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာ "နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကူညီမည်" လို့ ဆိုထားပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း အပိုဒ် (၁၄)တွင်လည်း တိုင်းရင်းသားလူမျိုးစုဝင်များ အထူးသဖြင့် တိုင်းရင်းသားကလေးများသည် နိုင်ငံတော်၏ ပညာရေးစနစ်---

**ဥက္ကဋ္ဌ။** ။(ပျက်တာမဟုတ်ဘူး။ အချိန်စေ့တာ၊ ခင်ဗျား အချိန်ပိုတောင်းမှ မတောင်းဘဲ၊ များများ ပြောချင်လည်း အချိန်ကို ကြိုတောင်းထားပေါ့)

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ဟုတ်ကဲ့။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းမှာလည်း ခွဲခြားရှုမြင်ခြင်းမရှိ

သင်ကြားသင်ယူခွင့်ရှိပါတယ်။ ဖြစ်နိုင်လျှင် သူတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအတွင်း သူတို့ကိုယ်ပိုင် ဘာသာစကားဖြင့် သင်ယူနိုင်ခွင့် ရှိတယ်လို့ ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း(၃)၊ အခွင့်အရေးများ၊ ရပိုင်ခွင့်များ ပုဒ်မ ၄ (ခ)တွင်လည်း "တိုင်းရင်းသားလူမျိုးများသည် မိမိတို့စကား၊ စာပေတို့ကို နိုင်ငံတော်၏ မူဝါဒနှင့်မထိခိုက်ဘဲ သင်ကြားနိုင်ခွင့်ရှိတယ်"လို့ ဆိုထား ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားတို့၏စာပေကို သင်ကြားဖို့ အာရုံစိုက်လာခဲ့သည်မှာ (၃)နှစ်ခန့်ရှိပါပြီ။ တချို့သော တိုင်းရင်းသားများမှာ မူလတန်းအောက်ဆင့်ဖြစ်သော သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းအတွက် ပြဋ္ဌာန်းစာအုပ်များပင် ပြုစုထားပြီး ဖြစ်ပါတယ်။ အစိုးရမူလတန်း ကျောင်းများတွင် သင်ကြားခွင့်ရထားပြီးလည်း ဖြစ်ပါတယ်။

သို့သော် ကျောင်းချိန်ပြင်ပတွင်သာ တိုင်းရင်းသားစာပေများကို သင်ကြားနေရ၍ သင်ကြားမှု၊ သင်ယူမှု အထမြောက် တိုးတက်မှုမရှိပါ။ ပေးကားပေး၏။ မရဆိုသလိုမျိုး ဖြစ်နေပါတယ်။ တိုင်းရင်းသား ဘာသာရပ်တစ်ခုသည် နိုင်ငံတော်ပညာရေးစနစ်အတွင်း ခိုင်ခိုင်မာမာတည်ရှိနေမှသာ ရှင်သန်တိုးတက်မှာဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးများအတွက် မိခင်ဘာသာစာပေ သင်ယူ မှုသည် ကလေးများကိုပျော်ရွှင်စေခြင်း၊ စိတ်ကူးစိတ်သန်းကောင်းစေခြင်း၊ အကျွမ်းတဝင်ဖြစ်သော မိမိဘာသာ စကားနှင့်သင်ယူရ၍ အခက်အခဲမရှိခြင်း၊ စိတ်ဝင်စားမှုများခြင်းတို့ကို ဖြစ်စေပါတယ်။

သို့ဖြစ်၍ အစိုးရကျောင်းများတွင် မူလတန်းအောက်ဆင့်၌ သတ်မှတ်ထားသော ဘာသာရပ်များအတိုင်း သက်ဆိုင်ရာ တိုင်းရင်းသားဘာသာ၊ စာပေကို ကျောင်းချိန်အတွင်း သင်ကြား ပေးရန် အထူးလိုအပ်နေပါတယ်။ မူလတန်းကို အောက်ဆင့်အတန်းများဖြစ်၍ စာသင်ချိန် များကို ထပ်၍ညှိနှိုင်းရာမှာလည်း ခက်ခဲမည်တော့မဟုတ်ပါ။ စာမေးပွဲ စစ်ဆေးခြင်း၊ ဖြေဆိုခြင်းများကို လည်း အခြားပြဋ္ဌာန်း ဘာသာရပ်များအတိုင်း ပြုလုပ်ပေးပြီး စာမေးပွဲ အောင်/ရှုံးစနစ်တွင် ထည့်သွင်းပေးနိုင်မှသာ တိုင်းရင်းသားဘာသာစာပေ သင်ယူမှု ရလဒ်ကောင်းများ ဖြစ်လာမည် ဖြစ်ပါ တယ်။ ထိုအခါ နိုင်ငံတော်အတွက် တိုင်းရင်းသားစာပေများ တိုးပွား၊ တိုင်းရင်းသား အရင်းအမြစ်များ တိုးပွားလာမည် မုချဖြစ်ပါတယ်။

ဒါကြောင့် မိခင်တိုင်းရင်းစာပေကို မူလတန်း အောက်ဆင့်အတန်းများတွင် ကျောင်းချိန် အတွင်း သင်ကြားပေးရန်၊ စာမေးပွဲစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိလျှင် မည်သည့် စာသင်နှစ်မှ စ၍ ကျောင်းချိန်ဇယားတွင် ထည့်သွင်းသင်ကြားပေးနိုင်မည် ဖြစ်ကြောင်း သိရှိလို၍ မေးမြန်းအပ် ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့ တိုင်းရင်းသားစာပေများကို သင်ကြားနိုင်ရန် နိုင်ငံတော်မှ ဆရာ၊ ဆရာမများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့ တိုင်းရင်းသားစာပေကို

သင်ကြားနိုင်ရန် နိုင်ငံတော်မှ ဆရာ၊ ဆရာမများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းမှာ မြန်မာနိုင်ငံတွင်နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတိုင်းရင်းသားစာပေများကို သင်ကြားနိုင်ရန် နိုင်ငံတော်မှ ဆရာ၊ ဆရာမများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ အချိန် မလုံလောက်ပါက ထပ်တိုးပေးရန် မေတ္တာရပ်ခံပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် အုပ်ချုပ်ရေးလက်လှမ်းမမီသောကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲ သောကြောင့်လည်းကောင်း၊ အခြားတိုင်းရင်းသားများထက် ခေတ်အဆက်ဆက် အသိပညာဖွံ့ဖြိုးမှု နည်းပါးခြင်း လွန်စွာနှေးကွေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကြေညာစာတမ်း၊ စာမျက်နှာ(၁၂)ပညာရေးကဏ္ဍအပိုဒ် ၂ (က)မူလတန်းအရွယ်ကလေးတိုင်း ကျောင်းတွင်းမူလတန်းပညာရေးကို ပြီးဆုံးအောင်မြင်အောင် ဆောင်ရွက်မည်။ (ခ) မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ၊ စွမ်းအင် အားနည်းသူကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံသောဒေသများတွင်နေသော ကလေး စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ဖော်ဆောင်ပေးမည်။ အပိုဒ် ၃ ဖက်ဒရယ်ပြည်ထောင်စုနဲ့အညီ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို အားပေးမြှင့်တင် သည့် ပညာရေးစနစ်ကို ဖော်ဆောင်သွားမည်။(က) ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးငယ်များအတွက် ကလေးများ၏ မိခင်ဘာသာစကား ပြောနိုင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားပေးမည်။ (ခ) မိခင်စာပေစကား မူလတန်းတွင် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးမည်ဟု ပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂဒေသမှာ ဦးနုခေတ်တွင် ကျောင်းများ အနည်းငယ်မျှသာ ဖွင့်လှစ်ခဲ့ကြောင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ကျောင်းအနည်းငယ် တိုးချဲ့ ဖွင့်လှစ်ခဲ့သော်လည်း မူလတန်းကျောင်းတစ်ကျောင်းတွင် ဆရာ၊ ဆရာမ တစ်ဦးမှ နှစ်ဦးသာ ခန့်ထား ပေးခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၈၈ မှ ၂၀၁၅ခုနှစ်အတွင်း ကျောင်းများဖွင့်လှစ်ခြင်း၊ ဆရာ၊ဆရာမများ ထပ်တိုးခြင်း ပြုလုပ်ပါသော်လည်း ၂၀၁၆ ခုနှစ်၊ ဇွန်လ ပညာရေးဌာန၏ ထုတ်ပြန် ချက်အရ ဆရာ၊ ဆရာမ လစ်လပ်နေရာ နန်းယွန်းမြို့နယ်တွင် (၃၀၈)ယောက်၊ လဟယ် မြို့နယ်တွင် (၂၆၅)ယောက်နှင့် လေရှီးမြို့နယ်တွင် (၁၀၂)ယောက်၊ စုစုပေါင်း(၆၇၂)ယောက် လစ်လပ် နေကြောင်း သိရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၂ ၊ပုဒ်မခွဲ(ဂ)တွင် တိုးတက်ဖွံ့ဖြိုး

မှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်း ဆက်သွယ်ရေး စသော လူမှု စီးပွားရေးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပါရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မဲဆန္ဒရှင်ပြည်သူများ၏ တောင်းဆိုချက် အရ အောက်ပါအချက်ကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလို ပါတယ်။ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတိုင်းရင်းသား စာပေများကို သင်ကြားနိုင်ရန် နိုင်ငံတော်မှ ဆရာ၊ ဆရာမများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခန့်ထား ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ခွင့်ပြုမည်ဆိုတာ သိရှိလို ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ် ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ရခိုင်ပြည်နယ်၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ တိုင်းရင်းသားမိခင်ဘာသာစကားကို အစိုးရမူလတန်း အောက်အဆင့် အတန်းများတွင် ကျောင်းချိန် အတွင်း သင်ကြားပေးရန်၊ စာမေးပွဲစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၂၂ (က)တွင် "နိုင်ငံတော်သည် တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်" ဟူ၍ လည်းကောင်း၊ ပုဒ်မ ၄၅၀ တွင် "မြန်မာစာသည် ရုံးသုံးစာဖြစ်သည်" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)တွင် "အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်" ဟု ကျွန်တော်တို့ ဒါ ဖော်ပြထားပါတယ်။ စာသင်ခန်းသုံးဘာသာစကား ဆိုတာသည် ကျွန်တော်တို့ ဒါ Class Room၊ ဒါ Language ကို ပြောတာဖြစ်ပါတယ်။ စာသင်ခန်းအတွင်းထဲမှာ မြန်မာဘာသာစကားနဲ့အတူ တိုင်းရင်းသားဘာသာစကားကို လိုအပ်တယ် ဆိုလို့ရှိရင် တွဲဖက်ပြီး အသုံးပြုနိုင်တယ်လို့ ဒါ ဖော်ပြထားတာဖြစ်ပါတယ်။အမျိုးသားပညာရေး ဥပဒေ၊ ပုဒ်မ ၄၄ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား

သင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော တိုင်းရင်းသားဘာသာစာပေ သင်ကြားလိုသည့် ကျောင်းများတွင် သင်ကြားသင်ယူခွင့်ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာဆိုရင် တိုင်းရင်းသား ဘာသာစာပေ (၂၈)မျိုး စတင်သင်ကြားပေးတဲ့အတွက်ကြောင့်မို့လို့ ယခုပညာသင်နှစ်ဆို ကျွန်တော်တို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့ကာလသည် (၃)နှစ်တာကာလပင် ရှိပါသေးတယ်။ ဒီ(၃)နှစ်တာကာလရဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီးတော့မှ အားသာချက်တွေရှိမယ်။ အားနည်းချက် တွေရှိမယ်။ ဒီအထဲက အားသာချက်တွေကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ဖို့နဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရမယ်ဆိုတာလည်းပဲ ဒါအားလုံးအသိပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၉၆ မှာလည်း။"ပြည်ထောင်စုလွှတ်တော်သည်ဇယား(၁)တွင်ဖော်ပြထားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုရဲ့ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိတယ်" လို့ဆိုပြီးတော့လည်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁)မှာ ဖော်ပြထားတာတွေကိုလည်းပဲ ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ နဲ့ အညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်ရှိသင်ရိုးညွှန်းတမ်းနှင့်စာသင်ချိန်ခွဲဝေမှုတွေအရ တိုင်းရင်းသားဘာသာစာပေတွေကို အခြေခံပညာမူလတန်းအောက်အဆင့်တွေဖြစ်တဲ့ Grade 1, Grade 2, Grade 3 တွေမှာ ကျောင်းချိန်အတွင်း သင်ကြားပေးမှု၊ စာမေးပွဲစစ်ဆေးမှုတို့နှင့် စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေနှင့်အညီ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို ဖွဲ့စည်းပြီးမှသာ ဆက်လက်စီစဉ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒါအားလုံးသိတဲ့အတိုင်းပဲ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံဟာ ကျွန်တော်တို့ ဒါနေရာအနှံ့အပြားမှာ နေထိုင်တာဖြစ်ပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် စာသင်ခန်းတစ်ခန်းအတွင်းထဲမှာ ရခိုင်လူမျိုးရှိသလို ပအိုဝ်း၊ ရှမ်း၊ တခြား ကရင်၊ မွန်စတဲ့ တိုင်းရင်းသားတွေလည်း ရှိတဲ့အခါမှာ ကျောင်းချိန်အတွင်းထဲမှာသာ သင်ကြားပို့ချမယ်ဆိုရင် ကျွန်တော်တို့က ဒါ တိုင်းရင်းသားလူမျိုးများတဲ့ ဒီအုပ်စုအတွက်ပဲ ကျွန်တော်တို့က ဒီဘာသာကိုပဲ အားလုံးက တူရမယ်ဆိုရင် ဒါသည် ကျွန်တော်တို့ ဒါမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ ကျောင်းချိန်ပြင်ပမှာသာ သင်ကြားပို့ချရတဲ့အခါမှသာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ သင်ယူလိုတဲ့ အခြေအနေပေါ်မှာမူတည်ပြီးတော့မှ စာသင်ခန်းတွေ၊ သူတို့ကို သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေ ခွဲဝေပြီး ဒီလို စီစဉ်ဆောင်ရွက်မှသာ ကျွန်တော်တို့က ဒါအားလုံးအတွက် မျှတသော သင်ကြားသင်ယူမှုဖြစ်မှာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီ(၃)နှစ်တာကာလအတွင်းထဲမှာ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြရရင် ခုနတုန်းက ကျွန်တော်တင်ပြခဲ့ သလိုပဲ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ တိုင်းရင်းသားဘာသာစာပေ(၂၈)မျိုးကနေ ယခု ပညာသင်နှစ်၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာဆိုရင် (၄၉)မျိုးအထိ ကျွန်တော်တို့ တိုင်းရင်းသား ဘာသာစာပေတွေကို အလေးအနက်ထားပြီး ကျွန်တော်တို့ဒါပြုစုပြီးတော့ တိုးမြှင့်သင်ကြားပို့ချ နိုင်ရေး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ တိုင်းရင်းသားလူမျိုး အမျိုးမျိုးရှိတယ်။ မတူညီတဲ့ဟာတွေအတွက်ကြောင့်မို့ လို့ ကျောင်းချိန်ပြင်ပမှာ လတ်တလော အဆင်ပြေနေအောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးပြီး တော့မှ စာမေးပွဲဖြေဆိုပြီးမှ ကျွန်တော်တို့ စာတတ်တယ်ဆိုတဲ့ဟာသည် ကျွန်တော်တို့တွေရဲ့ အနေနဲ့ ဆိုလို့ရှိရင် ဒါတွေသည် (၂၁)ရာစုမှာဆိုလို့ရှိရင် ကျောင်းချိန်အတွင်းထဲမှာ စာသင်ကျောင်းရဲ့ စာသင်ခန်းထဲမှာရှိသော ကျောင်းသား၊ ကျောင်းသူအားလုံးကို ဆရာ၊ ဆရာမသည် စာသင်ခန်းထဲမှာ ရှိတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးကို တကယ်တတ်အောင် သင်ပေးဖို့သာ အဓိကဖြစ်ပါတယ်။ တကယ်တတ်အောင် သင်ပေးလိုက်မယ်ဆိုရင် ကျောင်းသား၊ ကျောင်းသူတိုင်းသည် စာတကယ် တတ်တဲ့အတွက် ဖြေဆိုရမည့်စာမေးပွဲတိုင်းကို ကျောင်းသား၊ ကျောင်းသူတိုင်းသည်ဖြေဆိုရမယ်ဆိုတဲ့ အယူအဆက သာလျှင် ကျွန်တော်တို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက တိုင်းရင်းသားဘာသာစာပေတွေကို အတည်ပြုဖို့ လည်း လိုအပ်ပါသေးတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ အစီအစဉ်နဲ့လည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်သည်များကို အလေးအနက်ထားပြီး ဆက်လက်ပံ့ပိုးဖြည့်ဆည်းပါဝင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနသည် ခုနတုန်းက တင်ပြခဲ့တဲ့အတိုင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ တိုးတက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းပြီးတော့မှ တိုင်းရင်းသားဘာသာစာပေများ သင်ကြားပို့ချရန်အတွက် ပံ့ပိုးစီစဉ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းရင်းသားဘာသာစာပေ တွေကို ကျွန်တော်တို့ Grade 1, Grade 2, Grade 3 တွေမှာ သင်ကြားပို့ချပေးတဲ့အခါမှာ ဖတ်စာအုပ်တွေကိုလည်းအခမဲ့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဘာသာစကား သင်ကြားပို့ချပေးတဲ့ ဆရာ၊ ဆရာမတွေကိုလည်း သင်ကြားချိန်နာရီနဲ့ ချိန်ဆပြီး ချီးမြှင့်ငွေများကို ကျွန်တော်တို့ ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာဆိုရင် တိုင်းရင်းသားစာပေများကို ထိရောက်စွာသင်ကြား နိုင်ရန်အတွက် ကျွန်တော်တို့ ဇွန်လရဲ့ စာရင်းအရ တင်ပြရမယ်ဆိုရင် မြို့နယ်ပေါင်း(၁၈၇)မြို့နယ်မှာ ကျောင်းသားပေါင်း(၅၄၀၀၀၀)ကျော်ကို ကျွန်တော်တို့ တိုင်းရင်းသား ဘာသာစာပေပေါင်း(၄၉)မျိုးကို

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက အခမဲ့ ဖြန့်ဝေပေးပြီး သင်ကြားပို့ချပေးဖို့အတွက် စီစဥ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ သင်ကြားပို့ချပေးမယ့် ဆရာ၊ ဆရာမတွေအတွက် လိုအပ်မယ့် ချီးမြှင့်ငွေတွေကိုလည်း စာရင်းပြုစု၍ ဘတ်ဂျက်ရန်ပုံငွေ လျာထားသတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အမျိုးသားပညာရေးဥပဒေ ၂၀၁၄၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၅ တို့နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဥ်ဖြင့် တိုင်းရင်းသားဘာသာ စာပေသင် ဆရာ၊ ဆရာမများ ခန့်ထားရေးကိစ္စတွေကို ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထား၍ လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီးမေးသွားတဲ့အထဲမှာဆိုရင် ဒါ လေရှီး၊ လဟယ်၊ နန်းယွန်းဆိုတာ သွားရေး၊ လာရေး အင်မတန် ဒါ ခက်ခဲတဲ့ဒေသတွေဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီဒေသတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ၊ ဆရာမတွေကို ဆက်လက်ပြီးတော့မှ တည်မြဲရေး အတွက်ကိုတော့ ကျွန်တော်တို့အနေနဲ့ အင်မတန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရ တာဖြစ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် အဲဒီဒေသခံ တိုင်းရင်းသားသာ ဘွဲ့ရ ဆရာ၊ ဆရာမတွေကို ခန့်ထားလိုပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ အဲဒီဒေသမှာ ဆရာ၊ ဆရာမတွေ ခန့်ထားပေးဖို့အတွက်ကိုလည်း ကျွန်တော်မနေ့က ပြည်သူ့လွှတ်တော်မှာလည်းပဲ တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ သတ်မှတ်ချက်တွေကို ဖြေလျှော့ပြီးတော့ခန့်ထားလိုပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ဆရာ၊ ဆရာမခန့်ထားဖို့ ဆိုရင်တော့ ပညာရေးအရည်အသွေး မြင့်မားဖို့ ဆိုရင်တော့ ဆရာ၊ ဆရာမ ရဲ့ အရည်အသွေးသည် အဓိကနေရာက ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အရည်အသွေးရှိတဲ့ ဘွဲ့ရဆရာ၊ ဆရာမတွေကို ခန့်ထားလိုပါတယ်။ သို့သော် ဝေးလံတဲ့ဒေသတွေမှာ ဘွဲ့ရလည်းမရှိဘူး။ ခန့်ထားလိုတယ်ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပူးပေါင်းဆောင်ရွက်ပေးနိုင်တာသည် အဲဒီဒေသမှာ တက္ကသိုလ်ဝန်ထမ်းအောင်တဲ့ သူတွေရှိနိုင်တယ်။ ဒါမှမဟုတ်လို့ရှိရင် တက္ကသိုလ်ဝန်တန်း အထိ အထက်တန်းအဆင့်တက်ခဲ့တဲ့ သူတွေ၊ ပြီးစီးခဲ့တဲ့သူတွေရှိနိုင်တယ်။ အဲဒီ လူမျိုး၊ လူမျိုးတွေကို ခန့်ထားပေးဖို့ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်တာတော့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေကို၊ သက်ဆိုင်ရာအဖွဲ့တွေကို တင်ပြပါ။ အဲဒီ အစိုးရအဖွဲ့ရဲ့ Cabinet ရဲ့ အတည်ပြုချက်နဲ့ ပညာရေးဝန်ကြီးဌာနကို ပူးပေါင်းပေးပါဆိုရင်တော့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့မှ ခန့်ထားပေးလိုပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိမှာအခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသား ဆရာ၊ ဆရာမတွေနဲ့ ဒေသခံသက်ဆိုင်ရာတိုင်းရင်းသား လုပ်အားပေး ဆရာ၊ ဆရာမတွေ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနဲ့ ပညာရေးဝန်ကြီးဌာနအနေဖြင့် လောလောဆယ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ တိုင်းရင်းသားစာပေသင်ကြားပေးဖို့အတွက် ဆရာ၊ဆရာမ တွေဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ချီးမြှင့်ငွေများဖြင့်သာ ဆောင်ရွက်ပေးပြီးတော့မှ ခန့်ထားပေး ဖို့ဆိုလို့ရှိရင်တော့ ကျွန်တော်

တို့အနေနဲ့ အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]